ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-1-2005) (၄၄၈၃)

# လင်းခေးမြို့နယ်နှင့် မိုင်းနောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၁၈

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လင်းခေးမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဇန်နဝါရီ ၆ရက် နံနက် ၈နာရီတွင် လင်းခေးမြို့ မြို့နယ်ခန်းမ၌ တွေ့ဆုံရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်နှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။**

ယင်းနောက် အင်ဂျင်နီယာမှူးကြီး ဦးသိန်းဇော်က လင်းခေး–မိုင်းပန်–တာဆန်း လမ်းဖောက်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးဗျားနိုက စည်ပင်သာယာရေးလုပ်ငန်းများနှင့် လင်းခေးမြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

**တက်ညီလက်ညီ**

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး၊ ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်မည့် နေရာများတွင် ရော်ဘာစိုက်ပျိုးရန် ကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် လင်းခေးမြို့သို့ ရေပေးဝေမည့် ရေဂါလန် ၆၀၀၀၀ ဆံ့ ရေလှောင်ကန်သို့လည်းကောင်း၊ ဒါးဆိပ်မြစ်ရေတင် စီမံကိန်းမှ စိုက်ပျိုးရေပေးဝေမည့် အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✧**

# ကြည့်ရှုစစ်ဆေး

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဇန်နဝါရီ ၁၅ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) အောင်လံမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ပဒဲရေလှောင်တမံ၏ ရေပိုလွှဲကို ကြည့်ရှုစစ်ဆေးစဉ်။**

(လယ်ယာ/ဆည်မြောင်း)





# ရေသောက်ဧရိယာ၌ ဆည်ရေလေလွင့်မှုမရှိအောင် အသုံးချ နှမ်းသီးနှံသီးထပ်စိုက်ပျိုးနိုင်၍ တောင်သူများ ဝင်ငွေတိုးလာ ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ပဒဲရေလှောင်တမံ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ **၁၅ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပေါက်ခေါင်းမြို့နယ်ရှိ အမှတ်(၁၁) သကြားစက်(အင်ငါး၌)သို့ရောက်ရှိရာ စက်ရုံမှူးက ယခုနှစ် ကြံစိုက်ပျိုးမှုနှင့် ဝယ်ယူရရှိမှု၊ လျာထားချက်ပြည့်မီနိုင်ရန် သကြားထုတ်လုပ်နိုင်မှု၊ ထုတ်လုပ်ရမည့် သကြားတန်ချိန် ၇၀၀၀ တွင် တန်ချိန် ၆၈၃၃ တန် ထုတ်လုပ်ပြီးစီးမှု၊ ယခုနှစ်တွင် စက်ရုံနယ်မြေ၌ ကြံစိုက်ဧက နှစ်သောင်းခုနစ်ထောင်ရရှိအောင် စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

**စိုက်ဧကပြည့်မီရေး**

ထို့နောက် ဝန်ကြီးက ကြံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ဆောင်ရွက်နိုင်မှသာ ကြံတောင်သူများ၏ လူမှုစီးပွားရေး တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ စက်ရုံများ၏ ထုတ်လုပ်မှုစွမ်းအားသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စက်ရုံအလိုက် သတ်မှတ်ကြံစိုက်ဧကပြည့်မီရေး၊ အထွက်နှုန်းတိုးရေးတို့အတွက် စက်ရုံနှင့် စိုက်ပျိုးရေးတာဝန်ခံများက အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံသို့ ကုန်ကြမ်းကြံများရောက်ရှိမှုနှင့် သကြားထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

**ပဒဲရေလှောင်တမံ**

ထိုမှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း အောင်လံမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်လျက်ရှိသော ပဒဲရေလှောင်တမံသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၃)

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၉-၁-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

## နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ခေတ်မီနည်းစနစ်ဖြင့်ကျောက်မျက်ရတနာများရှာဖွေထုတ်လုပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ ကဏ္ဍအလိုက် ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရန် အမျိုးသားစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန် မြင့်မြင့်မားမား တိုးတက်စေရေးတွင် ကုန်ထုတ်လုပ်မှုစွမ်းအား တိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို တန်ဖိုးမြှင့် ထုတ်လုပ်သုံးစွဲရေးတို့သည် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များအနက် သတ္တုကဏ္ဍသည် နိုင်ငံတော် စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးတွင် ထုထည်ပမာဏကြီးမားစွာ ပါဝင်လျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်နှင့် အတတ်ပညာ နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် အဖိုးတန်သယံဇာတများကို တိုးမြှင့်ထုတ်ယူသွားနိုင်မည်ဖြစ်သည်။

မြန်မာ့ ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၄ ရက်နေ့က သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က **နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ၊ တည်ဆောက်ရေးကဏ္ဍစသည့် ကဏ္ဍများအတွက် အထောက်အကူဖြစ်စေသည့် အဖိုးတန်သတ္တုများ၊ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေဖော်ထုတ်ပြီး နိုင်ငံ့စီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေပိုမိုတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် အဖိုးတန်ကျောက်မျက်ရတနာများ ပေါများကြွယ်ဝစွာထွက်ရှိသည့် ဒေသဖြစ်သည်နှင့်အညီ ကျောက်မျက်ရတနာများ တိုးမြှင့်ထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်၏ ကျောက်မျက်ရတနာလုပ်ငန်းသည် ကျယ်ပြန့်စွာ တိုးတက်လာလျက်ရှိသည်။ ကျောက်မျက်ရတနာ တူးဖော်ခြင်းလုပ်ငန်းများကို ယခင်က နိုင်ငံတော်ကသာ အဓိကဆောင်ရွက်ခဲ့သော်လည်း ယခုအခါတွင် နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိက ကျောက်မျက်ရတနာကုမ္ပဏီများက အကျိုးတူလုပ်ကိုင်လျက်ရှိသည်။

သတ္တုနှင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရောင်းဝယ်ခြင်းလုပ်ငန်းများကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ စနစ်တကျဖြစ်ထွန်းစေရေး ဆောင်ရွက်လျက်ရှိသည်။ ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ စနစ်တကျ သတ်မှတ်ခွင့်ပြု၍ ကျောက်စိမ်းကျောက်မျက်လုပ်ကွက်များကို တူးဖော်လုပ်ကိုင်လျက်ရှိသည်။

နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် အရည်အသွေးကောင်း ကျောက်မျက်ရတနာများ ထွက်ရှိလျက်ရှိရာ နိုင်ငံခြားငွေ တိုးတက်ရှာဖွေနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးကွက်ကို ယခုထက် ကျယ်ကျယ်ပြန့်ပြန့် ခိုင်မာဖြစ်ထွန်းလာရေး ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက် အကူပြုလျက်ရှိသည့် အဖိုးတန်သတ္တုများ၊ ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ နီလာ၊ ပတ္တမြားစသည့် အဖိုးတန်ကျောက်မျက်ရတနာများကို ခေတ်မီနည်းစနစ်များဖြင့် ရှာဖွေထုတ်လုပ်နိုင်ရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

## ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ လုပ်ငန်းတာဝန်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး မှာကြား





**ရန်ကုန် ဇန်နဝါရီ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇန်နဝါရီ ၁၄ ရက်တွင် ကော့သောင်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာ(**အပေါ်ပုံ**) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကော့သောင်းခရိုင် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးကြီးမြင့်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးကျော်တို့က မိမိတို့ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များဖြင့် ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

## (၈၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက် ဖို့မြေဓမ္မာရုံ ဆွမ်းလောင်းအသင်းကြီး၏ (၈၇)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ဇန်နဝါရီ ၁၉ ရက်၌ အရှင်ကုသလနန္ဒ (မုဒုံဆရာတော်)၊ ၂၀ ရက်တွင် အရှင်စန္ဒာဝရာဘိဝံသ(ကျိုက္ကလော့ဆရာတော်)၊ ၂၁ ရက်တွင် အရှင်ဆေကိန္ဒ၊ ၂၃ ရက်တွင် အရှင်တေဇာစာရ၊ ၂၄ ရက်တွင် အရှင်ဝဏ္ဏိတ၊ ၂၅ ရက်တွင် အရှင်သုဇာတ (မေတ္တာအေးဆရာတော်)နှင့် ၂၇ ရက်တွင် အရှင်ခေမာသီရိလင်္ကာရ ရွှေကျောင်း ဆရာတော်တို့က တရားတော်များဟောကြားပြီး ဖေဖော်ဝါရီ ၆ ရက်တွင် ပင့်သံဃာနှင့် သီလရှင်အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်သည်။

(က-ပ)

# အမေရိကန်တွင် နှင်းတောင်ပြို၍ နှင်းလျှောစီးသူများ ပျောက်ဆုံး ရှာဖွေရေးလုပ်ငန်း မအောင်မြင်ဘဲ အဆုံးသတ်ခဲ့ရ

ဆော့လိတ်စီတီ ဇန်နဝါရီ ၁၇

**အမေရိကန်နိုင်ငံ အုတားပြည်နယ် ပတ်စီတီအနီးတွင်ရှိသော နှင်းလျှောစီးစခန်း၌ နှင်းတောင်ပြိုကျခဲ့သည့်အတွက် ပျောက်ဆုံးသွားသော နှင်းလျှောစီးသမားငါးဦးကို ရှာဖွေကြရာ လုပ်ငန်းအောင်မြင်မှုမရှိဘဲ အဆုံးသတ်ခဲ့ရကြောင်း သတင်းများအရသိရှိရသည်။**

ပျောက်ဆုံးသူများကို ရှာဖွေကြရာ၌ ထုအားဖြင့် ပေ ၃၀ မျှရှိသော နှင်းထုကို ထိုးဖောက်၍ ရှာဖွေကြရကြောင်း၊ ရှာဖွေရာတွင် လေ့ကျင့်ထားသော အနံ့ခံခွေးများ၊ ရှာဖွေရေးတုတ်တံ များ အသုံးပြု၍ စနစ်တကျ ရှာဖွေကြကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှ ဒါဗီအက်ဒမွန်ကပြောကြားသည်။

နှင်းတောင်ဒေသတွင် နေထွက်လာသည့်နောက်ပိုင်း နှင်းများ ပျော်ကျလာမည့် အန္တရာယ်ရှိနေသောကြောင့် ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေခြင်းမရှိတော့ဘဲ လုပ်ငန်းရပ်ဆိုင်းလိုက်ရကြောင်းသိရသည်။ နှင်းတောင်ပြိုပြီး နာရီများစွာ ကြာညောင်းနေပြီဖြစ်သည့်အတွက် နှင်းလျှောစီးသမားများကို အသက်ရှင်လျက် တွေ့ရှိရန် မျှော်လင့်စရာအကြောင်း မရှိတော့ဟု ဆိုသည်။

### အတည်ပြု

နှင်းတောင်ပြိုကျမှုမှာ ဇန်နဝါရီ ၁၄ ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထိုနှင်းတောင် ပြိုကျမှုတွင် လူမည်မျှ ပျောက်ဆုံးသွားသည်ကို အတိအကျ မသိရဘဲဖြစ်နေသည်။ မျက်မြင်တွေ့မြင်ရသူများထံမှ ပြောပြချက်ကို ကိုးကား၍ ပျောက်ဆုံးသူများစာရင်းကို ပြုစုရခြင်း ဖြစ်သည်။ ရဲတပ်ဖွဲ့ကမူ ပျောက်ဆုံးသူ ဦးရေတစ်ဦးသာရှိကြောင်း အတည်ပြုနိုင်သည်ဟုဆိုသည်။

### သတ်မှတ်ပေး

အဆိုပါဒေသတွင် နှင်းလျှောစီးနိုင်ရန်အတွက် လမ်းကြောင်းများကို ဖော်ထုတ် သတ်မှတ်ပေးထားသည်။ သို့ရာတွင် အချို့သော နှင်းလျှောစီးကျွမ်းကျင်သူများသည် သတ်မှတ်ထားသော လမ်းကြောင်းအတွင်းမှာသာ မနေကြဘဲ လမ်းကြောင်းပြင်ပမှ စွန့်စား၍ နှင်းလျှောစီးလေ့ ရှိကြသည်။ သာမန်အားဖြင့်ဆိုလျှင် နှင်းတောင်ပြိုရာ၌ ဖြစ်ပေါ်လာသော နှင်းထုသည် ခြောက်ပေမှ ခြောက်ပေကျော်မျှ ရှိတတ်သည်။ သို့ရာတွင် ယခုဖြစ်ပွားသော နှင်းတောင်ပြိုကျမှုတွင် နှင်းထုမှာ ပေ ၃၀ ထိ ထူထဲကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***



# ဖြိတိန်ခရီးသည်တင်လေယာဉ် အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရ

**လန်ဒန် ဇန်နဝါရီ ၁၇**

ဗြိတိန်နိုင်ငံမှ ခရီးသည်ပို့ဆောင်ရေး လေယာဉ်၏ ဘီးတစ်လုံးချို့ယွင်းသွားသည့်အတွက် ဇန်နဝါရီလ ၁၅ရက်တွင် လေယာဉ်ကွင်းသို့ အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း လေယာဉ်ကွင်းမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ထိုလေယာဉ်တွင် ခရီးသည်စုစုပေါင်း ၁၇၇ ဦးလိုက်ပါလာကြသည်။ အဆိုပါလေယာဉ်သည် လန်ဒန်မြို့တောင်ပိုင်းရှိ ဂက်ဝတ်လေယာဉ်ကွင်းမှ ပြန်တက်စဉ် လေယာဉ်ဘီးတစ်လုံး ကျွတ်ထွက်သွားသည့်အဖြစ်နှင့် ကြုံခဲ့ရသည်။ အဆိုပါ အခြေအနေကြောင့် ခရီးစဉ်အတိုင်း ဘူဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့တော်သို့ မပျံသန်းတော့ဘဲ ဂက်ဝတ်လေယာဉ်ကွင်းသို့ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

လေယာဉ်ကွင်းမှ တက်သွားသော အချိန်မှာ စနေနေ့မွန်းလွဲ ၂နာရီ ၃၅ မိနစ်အချိန်ဖြစ်သည်။ အခင်းဖြစ်ပွားမှုတွင် တစ်စုံတစ်ဦးမျှ အသေအပျောက်မရှိကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရသူရှိ၊မရှိကိုမူ မသိရသေးဟု ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ကမ္ဘာ့ဆေးဝါးရောင်းချမှု ခုနစ်ရာခိုင်နှုန်းတိုးတက်

**လန်ဒန် ဇန်နဝါရီ ၁၇**

နိုဝင်ဘာလအထိ ပြီးခဲ့သည့် ၁၂ လတာကာလအတွင်း တစ်ကမ္ဘာလုံး ဆေးဝါး ရောင်းချမှုမှာ ခုနစ်ရာခိုင်နှုန်း တိုးတက်ကြောင်း၊ ထိုတိုးတက်နှုန်းမှာ လွန်ခဲ့သည့်လက နှုန်းအတိုင်းပင်ဖြစ်ကြောင်းဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ပြန်ကြားရေးကုမ္ပဏီ အိုင်အမ်အက်စ်ဟဲ့သ်က သောကြာနေ့တွင်ကြေညာသည်။

ကမ္ဘာ့ဈေးကွက်၏ သုံးပုံနှစ်ပုံကျော်ရှိသော ထိပ်တန်းဈေးကွက် ၁၃ ခု၌ ဆေးဝါး လက်လီရောင်းချရမှု ပမာဏမှာ ထိုတစ်နှစ်တာကာလတွင် အမေရိကန်ဒေါ်လာ ၃၄၅ ဘီလျံရှိသည်ဆို၏။ နိုဝင်ဘာလအထိ ၁၂လတာကာလ အတွင်းတွင် ထိပ်တန်း ဥရောပဈေးကွက်ငါးခု၌ ဆေးဝါးရောင်းချရမှုမှာ ခြောက်ရာခိုင်နှုန်း တက်ပြီး၊ အလားတူကာလတွင် မြောက်အမေရိက၌ ရှစ်ရာခိုင်နှုန်းတက်ကာ ဂျပန်နိုင်ငံ၌ နှစ်ရာခိုင်နှုန်းအသီးသီးတက်သည်ဆို၏။ရောင်းရအသွက်ဆုံးဆေးမှာ ကိုလက်စထရောလျှော့ချပေးသည့်ဆေးဖြစ်သည်ဟုသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

**အီရတ်နိုင်ငံ ကယ်ကွတ်မြို့တစ်နေရာတွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# အီရတ်နိုင်ငံ၏ ရေနံလုပ်ငန်း နေ့စဉ် တိုက်ခိုက်ခံနေရ

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၃**

အီရတ်တွန်းလှန်ရေးသမားများက အီရတ်နိုင်ငံ၏ အရေးပါသော ရေနံအခြေခံ အဆောက်အအုံအား တစ်နေ့လျှင် အနည်းဆုံးတစ်ကြိမ် တိုက်ခိုက်လျက်ရှိကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် ယခုအခါ ဘဂ္ဂဒက်မြို့တော်သို့ တင်ပို့သည့် လောင်စာပိုက်လိုင်းများကို ပိတ်ထားရကြောင်း ရေနံဝန်ကြီးဂက်ဘန်းက ပြောကြားသည်။

လွန်ခဲ့သည့်သုံးလအတွင်း နေ့စဉ်တစ်ကြိမ်သို့တည်းမဟုတ် နှစ်ကြိမ်ခန့် တိုက်ခိုက်မှုများ တိုးမြင့်လာလျက်ရှိကြောင်း ဂက်ဘန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ တိုက်ခိုက်မှုများသည် ကြိုကြိုက်သည့်အနေဖြင့် တိုက်ခိုက်သည့် သဘောမဟုတ် မဟာဗျူဟာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊၂၀၀၄ ခုနှစ်အတွင်း တိုက်ခိုက်မှု ၂၀၀ ကျော်ရှိခဲ့ပြီး ပျမ်းမျှအားဖြင့် တစ်လလျှင် ၂၄ကြိမ်ခန့်ရှိခဲ့ကြောင်း ဂက်ဘန်းက ပြောကြားသည်။

အကြမ်းဖက်တိုက်ခိုက်မှုများတွင် ဦးဆောင်ဦးရွက် ပြုနေသူရှိကြောင်း၊ ခေါင်းဆောင်လုပ်သူတွင် မြေပုံများရှိပြီး ဘဂ္ဂဒက်မြို့တော်ကို အထီးကျန်ဖြစ်စေရန် ရည်ရွယ်နေခြင်းဖြစ်ကြောင်း တွန်းလှန် တိုက်ခိုက်ရေးသမားများက ဒူရာဆင်ခြေဖုံးဒေသရှိ ဘဂ္ဂဒက်မြို့တော်၏ အဓိကရေနံချက်စက်ရုံအား ဖြည့်ဆည်းပေးနေသည့် ကယ်ကွတ်၊ ဘိုင်ဂျီနှင့်နာ ဖက်ခါနာလောင်စာပိုက်လိုင်းများကို တမင်ရည်ရွယ်ကာ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဂက်ဘန်းက ဆက်လက်ပြောကြားသည်။

ရုံဖန်ရုံခါ တွင် အဆိုပါ လောင်စာပိုက်လိုင်းများမှာ အလုပ်မဖြစ်ကြောင်း၊ ယင်းကြောင့် ရေနံပစ္စည်းများ ဘဂ္ဂဒက်သို့မရောက်ကြောင်း၊ မိမိတို့အနေဖြင့် ဓာတ်ငွေ့သယ်ပို့သည့်ယာဉ်ကို မှီခိုအားထားခဲ့ရကြောင်း၊သို့ရာတွင် ယင်းလောင်စာယာဉ်များ အတိုက်ခိုက်ခံရပြီး ယာဉ်မောင်းများ အသတ်ခံ သို့တည်းမဟုတ် ပြန်ပေးဆွဲခံကြရကြောင်း၊ ယင်းကဲ့သို့ ယာဉ်မောင်းများ အတိုက်ခံရမှုကြောင့် ဆီးရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ဓာတ်ဆီနှင့်ပရိုတိန်းတင်ပို့မှုများရပ်ဆိုင်းထားခဲ့ရကြောင်း ဂက်ဘန်က ပြောကြားသည်။

***အင်တာနက်။***

**ဘဂ္ဂဒက်အနောက်ပိုင်းရှိ ရဲစခန်းတစ်ခုအနီး ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပြိုပျက်ခဲ့ရသော နေအိမ်အတွင်းမှ ပစ္စည်းများကို ရှာဖွေသိမ်းဆည်းနေသူ တစ်ဦးအား ဇန်နဝါရီ ၁၆ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




# အီရတ်နိုင်ငံ အန်ဘာပြည်နယ်တွင် ကာနီမရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၇**

အီရတ်နိုင်ငံ အနောက်ပိုင်းနှင့်မြောက်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် သီးခြားတိုက်ခိုက်မှုနှစ်ခုတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

### တည်ငြိမ်

အမှတ်(၁) ပြည်ပမရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် နှစ်ဦးသည် အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် ကြာသပတေးနေ့က လုံခြုံရေးနှင့် တည်ငြိမ် ရေးဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်နေစဉ် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဖလူးဂျာမြို့ အခြေစိုက် မရိန်းတပ်ဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။

ယင်းကြေညာချက်တွင် အသေးစိတ် ဖော်ပြထားခြင်းမရှိပေ။ ယင်းသို့သတင်းထုတ်ပြန်ပါက ပြောက်ကျားများက အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်တပ်ဖွဲ့ဝင်များအား နေ့စဉ် တိုက်ခိုက်လာနိုင်သောကြောင့် ဖြစ်သည်။

### ဖော်ပြထား

အမှတ်(၁) ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်မြောက်ပိုင်းဒေသရှိ မိုဆူးလ်မြို့အနီး အိုလံပီယာ အထူးတပ်ဖွဲ့ စစ်ကြောင်းတွင် တာဝန်ထမ်းဆောင်နေစဉ် သေဆုံးခဲ့သည်ဟု ဘဂ္ဂဒက်မြို့တွင်ထုတ်ပြန်သည့် အမေရိကန်စစ်ဘက် ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကြေညာချက်တွင် သတင်းအသေးစိတ် မဖော်ပြပေ။ သို့ရာတွင် ယင်းဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

အမေရိကန် ဦးဆောင်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံကို ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေသည် ၁၀၇၂ ဦး အထိ ရောက်ရှိလာပြီဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***

# စစ္စတန်နီ၏လက်ထောက် ဘဂ္ဂဒက်အရှေ့တောင်ပိုင်းတွင် သတ်ဖြတ်ခံရ

**ဘဂ္ဂဒက် ဇန်နဝါရီ ၁၇**

လူသိထင်ရှားဆုံး ဘာသာရေးခေါင်းဆောင် တစ်ဦးဖြစ်သူ အယ်လ်စစ္စတန်နီ၏လက်ထောက်၊ ၎င်း၏ သားနှင့် ကိုယ်ရံတော်လေးဦးတို့သည် ဘဂ္ဂဒက်အရှေ့တောင်ပိုင်းဒေသတွင် ဗုဒ္ဓဟူးနေ့ညက လုပ်ကြံသတ်ဖြတ်ခံခဲ့ရကြောင်း သတင်းရပ်ကွက်များက ကြာသပတေးနေ့တွင် ပြောကြားသည်။

အယ်လ်စစ္စတန်နီ၏ လက်ထောက်ဖြစ်သူ အယ်လ်မာဒါဟေနီ၊၎င်း၏သားနှင့် ကိုယ်ရံတော်လေးဦးတို့သည် ညနေပိုင်း ဘုရားဝတ်ပြုပြီးနောက် ဆာလ်မန်ပက်ဒေသရှိ ဝတ်ကျောင်းမှအပြန် အမည်မသိ လက်နက်ကိုင်များက ပစ်သတ် သွားခဲ့ခြင်းဖြစ်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ဆာလ်မန်ပက်ဒေသသည် ဘဂ္ဂဒက်အရှေ့တောင်ဘက်ရှိ ရှေးဟောင်းတစ်မြို့ဖြစ်သည်။ ဇန်နဝါရီလတွင် ရွေးကောက်ပွဲများ ကျင်းပမည့်ရက်မှာ ရက်သတ္တသုံးပတ်နီးပါးလောက်သာရှိတော့ရာ အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များက သွေးမြေကျ တွန်းလှန်တိုက်ခိုက်မှုများအားထိန်းချုပ်မှုရရှိစေရေးအတွက် ခက်ခက်ခဲခဲလှုပ်ရှားနေရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ကမ္ဘာ့ပင်လယ်ဆိပ်ကမ်းများဆိုင်ရာညီလာခံ ရှန်ဟိုင်းမြို့တွင် ကျင်းပမည်

ရှန်ဟိုင်း ဇန်နဝါရီ ၁၇

**(၂၄)ကြိမ်မြောက် ကမ္ဘာ့ပင်လယ်ဆိပ်ကမ်းများဆိုင်ရာညီလာခံကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် မေ ၂၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ပင်လယ်ဆိပ်ကမ်းများဆိုင်ရာ နိုင်ငံတကာညီလာခံကို နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပပြီး တရုတ်နိုင်ငံတွင် ယင်းညီလာခံကို ကျင်းပခြင်းသည် ပထမဆုံးအကြိမ် ဖြစ်ကြောင်း ရှန်ဟိုင်းပင်လယ်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။**

### ကျင်းပမည်

ပင်လယ်ဆိပ်ကမ်းလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ပင်လယ်ဆိပ်ကမ်းများဆိုင်ရာ ဖွံ့ဖြိုးရေး မဟာဗျူဟာများ ရေးဆွဲချမှတ်ရေး၊ ပင်လယ်ဆိပ်ကမ်း လုပ်ငန်းများအပေါ် တစ်ကမ္ဘာလုံး လွှမ်းခြုံသည့် စီးပွားရေးအစဉ်၏ အကျိုးသက်ရောက်မှု၊ သဘောင်္သွားလာရေးဆိုင်ရာစနစ်များ ခေတ်မီတိုးတက်စေရေး စသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းရှိ ပင်လယ်ဆိပ်ကမ်းများနှင့် သင်္ဘောသွားလာရေးကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အလေးအနက် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ညီလာခံကို ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း ရှန်ဟိုင်း ပင်လယ်ဆိပ်ကမ်း အုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဇူပိုင်ကျင်းက ပြောကြားသည်။

### တက်ရောက်မည်

ပင်လယ် ဆိပ်ကမ်းများဆိုင်ရာ ညီလာခံသို့ ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း ၈၀ ကျော်မှ ကိုယ်စားလှယ် ၁၀၀၀ ကျော် တက်ရောက်မည်ဟု မျှော်မှန်းရကြောင်း ၎င်းက ပြောကြားသည်။

### စိတ်ဝင်စားလာ

တရုတ်နိုင်ငံ၏ ပြည်ပကုန်သွယ်ရေး လုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူပင်လယ်သမုဒ္ဒရာအတွင်း သင်္ဘောသွားလာရေးလုပ်ငန်းများသည် ပိုမိုအရေးပါလာကြောင်း၊ ပင်လယ်ဆိပ်ကမ်းများ တည်ဆောက်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းတို့ကို အစိုးရအဖွဲ့များကရော၊ စီးပွားရေးလုပ်ငန်းအသိုက်အဝန်းကပါ ပိုမို စိတ်ဝင်စားလာကြောင်း၎င်းက ပြောကြားသည်။

### ရွေးချယ်

ကမ္ဘာ့ပင်လယ်ဆိပ်ကမ်းများဆိုင်ရာ ညီလာခံကို နိုင်ငံတကာပင်လယ်ဆိပ်ကမ်းများနှင့် ဆိပ်ကမ်းများအသင်းက ကမကထပြု၍ ကျင်းပမည်ဖြစ်သည်။ ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့တွင် လွန်ခဲ့သည့်နှစ်နှစ်က ကျင်းပခဲ့သော ဆိပ်ကမ်းများညီလာခံတွင် (၂၄)ကြိမ်မြောက် ဆိပ်ကမ်းများဆိုင်ရာ ညီလာခံကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပရန် ရွေးချယ်ခဲ့ကြသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်တောင်ပိုင်းတွင် သေဆုံး

**လန်ဒန် ဇန်နဝါရီ ၁၇**

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်မြို့ တောင်ပိုင်းဒေသတွင် စနေနေ့က တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီး နိုင်ငံတကာကြက်ခြေနီ ကော်မတီ(အိုင်စီအာစီ)မှ အီရတ်နိုင်ငံသား ယာဉ်မောင်းတစ်ဦးမှာလည်း ယင်းနေ့ စောစောပိုင်းက အသတ်ခံထားရသည်ကို တွေ့ရှိခဲ့ရကြောင်းဖြင့် တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဖော်ပြပါ မရိန်းတပ်ဖွဲ့ဝင်သည် ဘာဘီလ်ပြည်နယ်တွင် အသတ်ခံထားရခဲ့သည်ဟု အမေရိကန် အလယ်ပိုင်း စစ်ဌာနချုပ်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းပြည်နယ်တွင် တွန်းလှန် တိုက်ခိုက်ရေးသမားများက အမေရိကန်နှင့် အီရတ် တပ်ဖွဲ့ဝင်များအား မကြာခဏ တိုက်ခိုက်နေသည့် ဒေသဖြစ်၍ မရဏ တြိဂံဒေသဟု လူအချို့က ခေါ်ဆိုကြသည်။

အိုင်စီအာစီမှ အသက် ၄၀ရှိ ယာဉ်မောင်းသည် ဇန်နဝါရီ ၁၃ ရက်က လုပ်ငန်းခွင်ဝင်နေစဉ် ပျောက်ဆုံးသွားခဲ့ပြီး သောကြာနေ့တွင် ၎င်း၏ အလောင်းကို တွေ့ရှိရခြင်းဖြစ်သည်။ ၎င်းသည် အိုင်စီအာစီတွင်၂၀၀၃ ခုနှစ် ဇူလိုင်လကတည်းက အလုပ် လုပ်ကိုင်နေသူဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



**တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ ဆန်သိုလှောင်ရုံတွင် လုပ်ငန်းခွင် ဝင်ရောက်နေသော လုပ်သားတစ်ဦးကို ဇန်နဝါရီ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အက်စတိုးနီးယားတွင် ဆောင်းဥတုပူနွေးလာ ဝက်ဝံများ ဆောင်းခိုရာမှ အပြင်သို့ အချိန်စောထွက်

**တာလင်း ဇန်နဝါရီ ၁၇**

အက်စတိုးနီးယားနိုင်ငံတွင် ရာစုနှစ်နှစ်ခုအတွင်း အနွေးဆုံး ဆောင်းရာသီကျရောက်သည့်အတွက် နိုင်ငံအတွင်းရှိဝက်ဝံ ၆၀၀ ခန့်မှ အချို့သည် ဆောင်းခိုနေမှုမှ သုံးလေးလစော၍ အပြင်သို့ ထွက်လာကြကြောင်းဖြင့် တောရိုင်း တိရစ္ဆာန်များဆိုင်ရာ ကျွမ်းကျင်သူများက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ဝက်ဝံများကို ဥတုမကုန်ဆုံးမီ အပြင်ဘက်တွင် တွေ့ရှိရမှုက ယခုနှစ်မွေးဖွားသည့်ဝက်ဝံငယ်များ အသက်ရှင်ရေးအတွက် စိုးရိမ်ဖွယ်ရာ ကောင်းကြောင်း သိရသည်။

### ခိုအောင်းမနေနိုင်

ဤဆောင်းသည် လွန်စွာပူနွေးပြီး စိုစွတ်ကြောင်း၊ မြစ်ရေများလျှံမှုကြောင့် ဝက်ဝံများမှာ တွင်းထဲခိုအောင်း မနေနိုင်တော့ဘဲ၊ ဆောင်းခိုရာမှ ထွက်လာကြရကြောင်းဖြင့် နိုင်ငံတော်သစ်လုပ်ငန်းဌာနအရာရှိ ကာလက်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***




# နိုင်ဂျီးရီးယားတွင် မျက်မမြင်ဦးရေ နှစ်သန်းကျော်ရှိ

**လေဂို့စ် ဇန်နဝါရီ ၁၇**

နိုင်ဂျီးရီးယားနိုင်ငံတွင် မျက်မမြင်ဦးရေမှာ နှစ်သန်းကျော်ရှိကြောင်း ယင်းနိုင်ငံ၏ ကျန်းမာရေးဝန်ကြီး အီတာယိုလမ်ဘိုက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အာဖရိကတိုက်ရှိ လူဦးရေအများဆုံးသော နိုင်ငံဖြစ်သည့် နိုင်ဂျီးရီးယားတွင် လာမည့် ၂၄ နှစ်တာ ကာလအတွင်း ဖော်ပြပါမျက်မမြင်သူဦးရေ နှစ်ဆမြင့်မားလာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

### ပြောကြား

နိုင်ဂျီးရီးယားတွင် မျက်မမြင်သူအများစုကို ကျေးလက်တောရွာဒေသများ၌ တွေ့ရလေ့ရှိကြောင်း၊ မျက်မမြင်မှုကို ဖြစ်စေသောရောဂါကို ခံစားနေရသူများအနက် ၈၀ ရာခိုင်နှုန်းသည် အကယ်၍သာ ဆေးဝါးကုသမှုကို စောစောစီးစီး ခံယူမည်ဆိုပါက မျက်မမြင်ဘဝသို့ ရောက်လာမည်မဟုတ်ကြောင်း မျက်မမြင်များ စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ဖွင့်လှစ်ရာ၌ လမ်ဘိုက ပြောကြားသည်။

လူဦးရေသန်း ၁၃၀ ရှိသော နိုင်ဂျီးရီးယားနိုင်ငံသည် အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု မရှိခြင်း၊ တစ်ဦးကျဝင်ငွေနည်းပါးခြင်း၊ အစိုးရက မျက်မမြင်မှုကိုဖြစ်စေသော ရောဂါဘယများအား တားဆီးကာကွယ်သည့်လုပ်ငန်းကို ထိရောက်စွာ လုပ်ဆောင်နိုင်မှု မရှိခြင်းတို့၏ အကျိုးဆက် တစ်ရပ်အဖြစ် မျက်မမြင်သူဦးရေများပြားနေခြင်းဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားနိုင်ငံတွင် ယင်ကောင်မည်းများက ပျံ့နှံ့စေသော ကပ်ပါးပိုးဆိုင်ရာ ရောဂါတစ်မျိုးဖြစ်သည့် မြစ်နားတန်းမျက်ကန်းရောဂါ ဖြစ်ပွားမှုကြောင့်လည်း မျက်မမြင်သူတိုးပွားလာကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ပါလက်စတိုင်း သမ္မတအဖြစ် မာမွတ်အဘတ်စ် ကျမ်းသစ္စာကျိန်ဆို

**ရာမာလာ ဇန်နဝါရီ ၁၇**

မာမွတ်အဘတ်စ်သည် ပါလက်စတိုင်း အမျိုးသားအာဏာပိုင်အဖွဲ့၏ သမ္မတသစ်အဖြစ် စနေနေ့တွင် ကျမ်းသစ္စာကျိန်ဆိုလိုက်သည်။ မိမိတို့သည် အစ္စရေးနိုင်ငံနှင့် အပစ်အခတ်ရပ်စဲရန် လိုလားကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန် တိုက်တွန်းကြောင်း အဘတ်စ်က ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားကျင်းပသည့် ပါလီမန်အထူးအစည်းအဝေးတွင် ပြောကြားလိုက်သည်။

ပါလက်စတိုင်းတို့သည် ငြိမ်းချမ်းရေးလမ်းပြမြေပုံဟုခေါ်တွင်သော ငြိမ်းချမ်းရေး အစီအစဉ်၏ ပထမအဆင့်ကို အကောင်အထည်ဖော်ရန် အသင့်ရှိနေကြောင်း၊ အစ္စရေးနှင့်ပါလက်စတိုင်းတို့သည် တစ်မြေတည်းနေထိုင်သူများဖြစ်ရာ မိမိတို့၏ ပြည်သူများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် လိုအပ်ကြောင်း အဘတ်စ်က ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**တရုတ်နိုင်ငံ၏ ထိပ်တန်းရုပ်မြင်သံကြား ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော စီချွန်ချန်ဒေါင် လျှပ်စစ်ကုမ္ပဏီမှထုတ်လုပ်သည့်ရုပ်သံဖမ်းစက်များကို ပေကျင်းမြို့ရှိ အရောင်းဆိုင်တွင် ဝယ်သူများ ကြည့်ရှုကြသည်ကို ဇန်နဝါရီ ၁၅ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# နိုင်ငံခြားရောက် ဂရိသိပ္ပံပညာရှင်များ ပြန်လာကြရန် ဝန်ကြီးချုပ် တိုက်တွန်း

**အေသင် ဇန်နဝါရီ ၁၅**

နိုင်ငံခြား တိုင်းပြည်များတွင် နေထိုင်ပြီး အလုပ်လုပ်ကိုင်နေကြသော ဂရိသိပ္ပံပညာရှင်များအား ဂရိနိုင်ငံသို့ ပြန်လာကြရန် ဂရိဝန်ကြီးချုပ် ဘော်စတာကာရာမန်လစ်က ကြာသပတေးနေ့တွင် ဖိတ်ခေါ်လိုက်ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂရိဝန်ကြီးချုပ်သည် အသစ်ဖွဲ့စည်းလိုက်သော အမျိုးသားသုတေသနနှင့် နည်းပညာကောင်စီ၏ ပထမအကြိမ် အစည်းအဝေးကိုလည်း ဖွင့်လှစ်ပေးလိုက်သည်။ ကောင်စီအဖွဲ့ဝင်များမှာ အရည်အသွေး ပြည့်ဝသူများပြီး၊ အရည်အသွေးရှိမှုအပေါ် အခြေခံ၍ ၎င်းတို့ကို ရွေးချယ်ထားခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့သည် အမျိုးသား သုတေသနနှင့် နည်းပညာကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး တက္ကသိုလ်၊ နည်းပညာကောလိပ်၊ သုတေသနဌာနများကဲ့သို့သော အဆင့်မြင့် ပညာရေးဌာနများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းတို့ ဆက်စပ်မှုရှိအောင် လုပ်ငန်းမူဘောင်တစ်ရပ်ကို ရေးဆွဲထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂရိနိုင်ငံသည် နိုင်ငံရှိ သုတေသီများကို လူမှန်နေရာမှန် စီစဉ်ဆောင်ရွက်ပေးထားခြင်း မရှိကြောင်း၊ အခြေခံကျသော ပြုပြင်ပြောင်းလဲမှုများ လိုအပ်လျက်ရှိကြောင်း အမျိုးသားသုတေသနနှင့် နည်းပညာကောင်စီ၏ အကြီးအကဲဖြစ်သူ ပါမောက္ခ ဒီမီတရစ်နာနိုပူလော့စ်က ပြောကြားသည်။

ကောင်စီ၏ အခြေခံရည်မှန်းချက်များမှာ နိုင်ငံခြားရောက် ဂရိသိပ္ပံပညာရှင်များနှင့် အဆက်အသွယ်ပြုခြင်း၊ ဥရောပနှင့်အမေရိကရှိသုတေသနဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# သဘာဝဓာတ်ငွေ့သုံးစနစ် ပြောင်းထားသောယာဉ်များ

သိပ္ပံမှူးတင်

ငယ်စဉ်မှစ၍ အဘိုး၏နာရီ၊ အဖေ၏စက်ဘီး၊ အမေ၏ ဓာတ်စက်များကို ဖြုတ်ဖျက် တပ်ဆင်ကြည့်ဖူးသည်။ ဝါသနာပါလာသည့်အတိုင်း ကြီးလာသောအခါ တပ်မတော် အင်ဂျင်နီယာ၌ အမှုထမ်းဖြစ်သည်။ နိုင်ငံခြားတွင် ပညာသင်ရစဉ် စက်မှုအင်ဂျင်နီယာဘာသာရပ်ကို စာတွေ့ လက်တွေ့ သင်ခဲ့ရသဖြင့် စက်အကြောင်း အထိုက်အလျောက် နားလည်လာရသည်။

ယခုအခါ မြန်မာနိုင်ငံ၌ CNG သဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ဓာတ်ဆီကား၊ ဒီဇယ်ကားများ မောင်းနှင်နေကြသည်ကို စိတ်ဝင်စားစွာ လေ့လာမိသည်။



အလုံမြို့နယ်ရှိ သဘာဝဓာတ်ငွေ့ (CNG) အရောင်းဆိုင်၌ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေစဉ်။

အမှတ်(၂) စက်မှုဝန်ကြီး၏ ရုံးခန်းတွင် ဝန်ကြီးက CNG အကြောင်း ပဏာမရှင်းပြပြီး ညွှန်ကြားရေးမှူးက ဒီဇယ်ကားကို CNG ကားဖြစ်စေရန် ပြုပြင်နေသော အမှတ်(၁) မော်တော်ကားစက်ရုံသို့ခေါ်ဆောင်ပြီး ရှင်းလင်းပြသ၍ CNG ယာဉ်အကြောင်း အထိုက်အလျောက် သိခဲ့ရသည်။

ညွှန်ကြားရေးမှူး ဦးစိုးသိန်းက စိတ်ရှည်လက်ရှည် ရှင်းပြပါသည်။ ဒီဇယ်၊ ဓာတ်ဆီစက်များကို CNG စက်ဖြစ်စေရန် ပြုလုပ်ကြသည်မှာ မြန်မာနိုင်ငံတွင်သာ မဟုတ်၊ ကမ္ဘာတစ်ဝန်းတွင် ပြုလုပ်နေကြကြောင်းသိရသည်။ ထိုနည်းပညာကို မြန်မာနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ်များက စတင်ကျင့်သုံးခဲ့ခြင်းဖြစ်သည်။

ဤ CNG ကားများသည် နိုင်ငံခြားမှ နှစ်စဉ်ဒေါ်လာ သန်းချီ၍ ဝယ်ယူနေရသော ဒီဇယ်နှင့် ဓာတ်ဆီများကို အားကိုးမနေရဘဲ ပြည်တွင်း၌ အလျှံပယ်ထွက်ရှိနေသည့် သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး စိတ်ချလက်ချမောင်းနိုင်သည့် အားသာချက်ရှိသည်။

ကမ္ဘာ့ပူနွေးမှုအန္တရာယ်ကြီး ကျရောက်နေစဉ်တွင် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လုပ်မှုကို နိုင်ငံတိုင်းတွင် လျှော့ပေါ့ထုတ်လုပ်ရန် တာဝန်ရှိလာသည်။ ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်များမှ ထုတ်လွှတ်သော အခိုးအငွေ့များသည် မှန်လုံအိမ်ဓာတ်ငွေ့ အများအစားဖြစ်စေတတ်သည်။ ယခု CNG စက်များသည် မှန်လုံအိမ်ဓာတ်ငွေ့ အနည်းငယ်မျှသာထုတ်လုပ်သဖြင့် ကမ္ဘာ့ပူနွေးမှုကို တားဆီးသည့် အားထုတ်မှုဟု ဆိုရမည်ဖြစ်သည်။

အခြားအားသာ ချက်တစ်ရပ်မှာ စီးပွားရေးတွက်ခြေကိုက်ခြင်းဖြစ်သည်။ ၃-၁-၂၀၀၅ ရက်နေ့ထုတ် သတင်းစာများတွင် CNG မော်တော်ကားများဖြင့် ပြေးဆွဲသဖြင့် မြန်မာပြည်အထက်ပိုင်း ဒေသအချို့တွင် ကားစီးခနှုန်း ၅၀ ရာခိုင်နှုန်း လျှော့ချပြေးဆွဲကြသည်ဆိုသည်ကို ဖတ်လိုက်ရသည်။ ကားစီးခ ၅၀ ရာနှုန်းလျှော့ချသကဲ့သို့ ကုန်စည်သယ်နှုန်းလည်း လျှော့ချနိုင်လာမည်ဖြစ်သည်။ CNG ကားများ များလာပြီး CNG အရောင်းဆိုင်များလည်း တစ်ပြည်လုံးတွင် တည်ဆောက်ပြီးလျှင်မူ ၅၀ ရာနှုန်းမှ ၇၀၊ ၈၀ ရာနှုန်းအထိ သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ချရနိုင်ဖွယ်ရှိသည်။

၁၉၈၀ ပြည့်နှစ်များတွင် ဒီဇယ်မှ CNG ပြောင်းလဲသုံးစွဲရန် စက်ကိရိယာများ ပြုလုပ်ကြရာတွင် ပထမ၌ အခက်အခဲတွေ့ခဲ့ကြသည်။ မှားပြင်စနစ်ဖြင့် ကြိုးစားကြသောအခါမှ ဖိအားသွင်းသဘာဝဓာတ်ငွေ့ကို ဒီဇယ်စက်အတွင်း မည်ကဲ့သို့ ဖိအားလျှော့ရမည်ဆိုသည်ကို သိလာကြ၍ ယနေ့ အခက်အခဲမရှိတော့ကြောင်း သိရသည်။

ဒီဇယ်စက်ဆိုသည်မှာ စက်အတွင်း လေပိုဖိကျုံ့ပူလောင်လာသောအခါတွင်မှ ဒီဇယ်ဆီကို နော်ဇယ်များမှ ပက်ပေးလျှင် လောင်ကျွမ်းအားဖြစ်ပေါ်ရသည်။ စင်စစ် ဒီဇယ်အင်ဂျင်ကို CNGအင်ဂျင်အဖြစ် ပြောင်းလဲခြင်းမှာ ဒီဇယ်အင်ဂျင်ကို ဓာတ်ဆီအင်ဂျင်ကဲ့သို့ လောင်စာနှင့် လေသွင်းဖိကျုံ့ပြီး ပလပ်မှ မီးပေးလောင်ကျွမ်း နည်းဖြင့် စွမ်းအင်ထုတ်လုပ်ရန် ပြုပြင်ပေးရခြင်းဖြစ်သည်။

ပထမလုပ်ငန်းမှာ ဒီဇယ်အင်ဂျင်မှ ပစ်စတင်အကြီးအစား သင့်တော်သော ပစ်စတင်အငယ် အသုံးပြုခြင်း၊ ရှိပြီး ပစ်စတင်ထိပ်တွင် အဟိုက်ပြုခြင်းဖြင့် ဖိအားလျှော့ချရသည်။ ဒီဇယ်အင်ဂျင်တွင် ကာဘရိုက်တာမပါ။ ဒစ္စထရီဗျူတာများ၊ ပလပ်များ မပါချေ။ ထို့ကြောင့် ကာဘရိုက်တာသို့ CNG ပို့ပြီး အောက်စီဂျင်နှင့် လေရော၍ ဆလင်ဒါတွင် သွင်းရသည်။ ဆလင်ဒါတွင် ပလပ်များ တစ်ခုပြီးတစ်ခု မီးပွင့်ရန် ဒစ္စထရီဗျူတာအစား အီလက်ထရွန်နစ်မီးပေးစနစ် သုံးရသည်။ ဒီဇယ်တွင် အင်ဂျက်တာပါ၍ အင်ဂျက်တာအစား ပလပ်ကို အကြမ်းအားဖြင့် စလစ်ရိုက် အရစ်ဖော်တတ်ရသည်။ ထို့နောက် မီးပေးရာတွင် ဆလင်ဒါ တစ်လုံးလျှင် ကွိုင်တစ်လုံး သို့မဟုတ် ဆလင်ဒါနှစ်လုံးကို ကွိုင်တစ်လုံးဖြင့် မီးပွင့်စေရသည်။

ဒီဇယ်အင်ဂျင်တွင် ဒီဇယ်ပို့ပေးရသောပန့် ပါရှိသည်။ ယခုစက်တွင် ထိုစက်နေရာကို ဖိအားညှိကိရိယာ တပ်ဆင်ရသည်။ စတုရန်းတစ်လက်မလျှင် ပေါင် ၄၅၀၀ ဖိအားဖြင့် သွင်းထားသော CNGဆလင်ဒါလေးခုမှ CNGဓာတ်ငွေ့များကို ပြင်ပလေထုဖိအားသို့ လျှော့ချပေးပြီးမှ ကာဘရိုက်တာသို့ ပို့ရသည်။ ကာဘရိုက်တာအားနှင့် ကာဘရိုက်တာပေါ်မှ ဓာတ်ငွေ့နှင့် လေစပ်ကိရိယာတို့ကိုလည်းကောင်း၊ ဖိအား လျှော့ကိရိယာကိုလည်းကောင်း အမှတ်(၁) စက်ရုံတွင် ထုတ်လုပ်နိုင်သည်ဟု သိရသည်။

ယနေ့ကာလတွင် CNG သို့ပြောင်းသည့် ကိရိယာအချို့ကို ပြည်တွင်း၌ လုပ်နိုင်ပြီး အခြားပစ္စည်းများကိုမူ ပြည်ပမှ သွင်းနေရသေးသည်။ ဤသို့ ပြုပြင်လိုက်သည်နှင့် ကားမှာ ဓာတ်ဆီအင်ဂျင်ကဲ့သို့ အထကောင်း၊ ရုန်းအားကောင်းသည်။ CNG ဆလင်ဒါလေးလုံးနှင့် မိုင်၁၀၀ မောင်းနိုင်၍ မိုင် ၅၀ တိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနမှ ဓာတ်အားအရောင်းဆိုင်များ ဖွင့်လှစ်ပေးမည်ဟု သိရသည်။

အမှတ် (၂) စက်မှုဝန်ကြီးဌာနသည် ဤသို့ CNG ယာဉ်အဖြစ်သို့ ပြောင်းလဲမှုကို ၂၀၀၅ ခုနှစ် မတ်လမတိုင်မီ အစီး ၅၀၀၀ ပြောင်းလဲပြီးရန် အားထုတ်နေကြသည်။ ယခုအစီး ၂၀၀၀ ပြီးပြီဟု သိရသည်။ စက်မှုဇုန် ခုနစ်ခုသို့လည်း နည်းစနစ်များ သင်ကြားပေးပြီးဖြစ်၍ ထုတ်လုပ်နေကြပြီဟု သိရသည်။ စက်ရုံမှ CNGစနစ်ဖြင့် ပြောင်းထားသော အင်ဂျင်ကို အထွေထွေမန်နေဂျာ ဦးလှိုင်သိန်းက နှိုးပြရှင်းပြ၍ တွေ့ခဲ့မြင်ခဲ့ရသည်။ CNG ကားမောင်းနှင်နေသူများနှင့်လည်း အခွင့်ကြုံ၍ မေးမြန်းခဲ့ရာ ကားမှာ ဆွဲအားကောင်းပြီး စက်ကြံ့ခိုင်မှုကောင်းကြောင်း ပြောပြသည်။

CNGအင်ဂျင်အကြောင်း လေ့လာကြည့်ရာ ဓာတ်ငွေ့မှာ မီသိန်းဓာတ်ဖြစ်၍ အောက်တိန်း နံပါတ် ၁၃၀ ရှိကြောင်း၊ ဓာတ်ဆီမှာ အောက်တိန်းနံပါတ် ၈၀ သာရှိကြောင်း ထို့ကြောင့် လေနှင့်ဓာတ်ငွေ့ကို ကောင်းစွာရောစပ်က စက်ကြံ့ခိုင်အား ပိုကောင်းကြောင်း သိရသည်။ ထို့ပြင် ဓာတ်ဆီ၊ ဒီဇယ်ဆီတို့တွင် အပေါ်ဆုံးပစ်စတင်ရင်းသို့ စက်ဆီအရောက်နည်း၍ အင်ဂျင်ကျလွယ်ကြောင်း၊ ယခု CNGအင်ဂျင်တွင်မူ ထိုသို့ စက်ဆီများ ပစ်စတင်ရင်းထဲ မရောက်စေရန် တားဆီးမှုမရှိ၍ စက်ကြာရှည်ခံမည်ဖြစ်ကြောင်း သိခဲ့ရသည်။

ယခုအခါ အမှတ်(၁) စက်ရုံမှ ကားများကို CNG စနစ်ပြောင်းလဲနေကြရာ ကျွမ်းကျင်ဝန်ထမ်းလေးဦးဖြင့် နှစ်ရက်အတွင်း ကားတစ်စီးကိုပြုပြင်ပေးနိုင်သည်ဟု သိရသည်။ ကိုရီးယားသမ္မတနိုင်ငံနှင့် ဆက်သွယ်၍ ဓာတ်ငွေ့ထည့် ဆလင်ဒါများနှင့် အခြားပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်ရန် စီစဉ်နေသည်။

ယခုတစ်ခေါက်တွင် ဒီဇယ်မှ CNGသို့ ပြောင်းလဲမှုကိုသာ လေ့လာခဲ့ရသည်။ နောင်တွင် ဓာတ်ဆီမှ CNG ပြောင်းပုံ၊ ဒီဇယ်/CNG နှစ်မျိုးမောင်းနိုင်သော စက်များအကြောင်း လေ့လာရဦးမည်ဖြစ်ပေသည်။ ။

သဘာဝဓာတ်ငွေ့ (CNG) သုံးမော်တော်ယာဉ်များကို တွေ့ရစဉ်။





ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လှိုင်သာယာမြို့နယ် အမှတ် (၃) ရပ်ကွက်တို့ ပူးပေါင်း၍ လင်းရောင်ခြည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၂) ဦးပေါချိန်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဝှမ်းနီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

# ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ ဘာသာရပ်မျိုးစုံ စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၈

**ဆရာကြီး ဦးဖေမောင်တင်၏သမီး ဒေါ်တင်တင်မြိုင်က အင်္ဂလန်နိုင်ငံမှ ယူဆောင်လာသော ဘာသာရပ်မျိုးစုံ စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီတွင် ဗိုလ်တထောင်မြို့နယ် (၅၄)လမ်းရှိ ရှေးဟောင်း မြန်မာစာပေရေးရာဌာန (ပေစာ၊ ပုရပိုက်၊ ကျောက်စာ)ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်လက်ခံသည်။**

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ အလှူရှင် ဒေါ်တင်တင်မြိုင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ အလှူရှင် ဒေါ်တင်တင်မြိုင်က အင်္ဂလန်နိုင်ငံမှ ယူဆောင်လာသော ဘာသာရပ်မျိုးစုံ စာအုပ်များ ပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်ထံ အလှူရှင် ဒေါ်တင်တင်မြိုင်က ဘာသာရပ်မျိုးစုံ စာအုပ်များပေးအပ်လှူဒါန်းရာ ဝန်ကြီး ဦးသန်းအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဘာသာရပ်မျိုးစုံစာအုပ်များ ပေးအပ်လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အလှူရှင် ဒေါ်တင်တင်မြိုင် လှူဒါန်းသော စာအုပ်များကို ကြည့်ရှုကြသည်။

ဆရာကြီး ဦးဖေမောင်တင်၏သမီး ဒေါ်တင်တင်မြိုင်က လှူဒါန်းသော စာအုပ်များမှာ ပညာရေး၊ ဥပဒေ၊ ရည်ညွှန်း၊ ဗဟုသုတ၊ သဘာဝသိပ္ပံ၊ စာကြည့်တိုက်ပညာ၊ နိုင်ငံရေး၊ အနုပညာ၊ ကလေးသုတ၊ အင်္ဂလိပ်စာပေနှင့် သမိုင်း စသည့် ဘာသာရပ်မျိုးစုံ ဖြစ်သည်။ (သတင်းစဉ်)

▲ ကျောဖုံးမှ

သစ်စက်တည်ဆောက်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ကြည့်ရှု**

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သစ်စက်အတွင်း တပ်ဆင်ထားသော စက်သစ်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ အမှတ်(၄)သစ်စက်ကို TPS Group မှနိုင်ငံခြားငွေ ၄ ဒသမ ၃သိန်း ရင်းနှီးမြှုပ်နှံခဲ့ပြီး မြန်မာ့သစ်လုပ်ငန်းနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သည့် သစ်စက်ဖြစ်သည်။

အဆိုပါ သစ်စက်တွင် ခေတ်မီစက်ယန္တရားများ တပ်ဆင်ထားရှိပြီး ထွက်ရှိလာသည့် သစ်ခွဲသားများကို ပြည်ပဈေးကွက်သို့ တင်ပို့သွားမည်ဖြစ်သည်။

**သစ်ခွဲစက်**

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ်ရှိ ဥသာကျော်သစ်ခွဲစက်သို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘုရားကလေးကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်း အမှတ်(၃၃)သစ်စက်သို့ ရောက်ရှိရာ သစ်စက်ဧည့်ခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် စက်ရုံမှူးတို့က သစ်စက်၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် သစ်စက်အတွင်း သစ်ခွဲသားများ ထုတ်လုပ်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မိုးယွန်းကြီးအင်း**

ထို့နောက် ဝန်ကြီးသည် ပျဉ်ပုံကြီးကျေးရွာအနီး မိုးယွန်းကြီးအင်း ဘေးမဲ့တောရှိရှင်းလင်းဆောင်သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ခံများက ဘေးမဲ့တောအတွင်း အဆင့်မြင့် ညအိပ်ဆောင်များ၊ နားနေစခန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် ရေပျော်ငှက်များကြည့်ရှုလေ့လာနိုင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးသည် ညအိပ်ဆောင်များပြုပြင်ထားရှိမှု အခြေအနေများ၊ နားနေစခန်းများ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မိုးယွန်းကြီးအင်းဘေးမဲ့တောသည် ရန်ကုန်မြို့မှ ၇၁မိုင်အကွာ ပျဉ်ပုံကြီးကျေးရွာ၌တည်ရှိပြီး ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသော ဆောင်းခိုငှက်များ၊ ပြည်တွင်းရေပျော်ငှက်များအား ကြည့်ရှုလေ့လာနိုင်ရန် အဆင့်မြင့်ညအိပ်ဆောင်များ၊ နားနေစခန်းများ၊ ရှုရပ်မျှော်စင်များ ဆောက်လုပ်ထားရှိသည့်အတွက် ပြည်တွင်းပြည်ပမှ ခရီးသွားများ လာရောက်အပန်းဖြေလျက်ရှိသည်။ မိုးယွန်းကြီးအင်းဘေးမဲ့တောရှိ နားနေဆောင်များ၌ တစ်ကြိမ်လျှင် ဧည့်သည်၅၀ခန့် ညအိပ်တည်းခိုကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

✪ ရမည်းသင်းမြို့နယ်မှ

လျှပ်စစ်ဓာတ်အား စတင်ထုတ်လွှတ်ပေးပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးသည် စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထုတ်လွှတ်အသုံးပြု**

အဆိုပါ ကန်ဘဲ့ကျေးရွာ ဒီဇယ်ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ စက်နှင့်ပစ္စည်း တန်ဖိုးထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ဒေသခံပြည်သူများမှထည့်ဝင်ငွေကျပ် ၃၅သိန်း စုစုပေါင်းငွေကျပ် ၄၅ သိန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာအတွင်း ဘုရား၊ ကျောင်း၊ လမ်း၊ အိမ်ထောင်စုသုံး နှစ်ပေမီးချောင်း စုစုပေါင်း ၂၅၄ ချောင်းကို နေ့စဉ် နံနက် ၄ နာရီမှ ၆ နာရီထိနှင့် ညနေ ၆ နာရီမှ ည ၉ နာရီခွဲထိ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်အသုံးပြုလျက်ရှိသည်။ (သတင်းစဉ်)

# ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အီးအီးဂျီစက်နှင့်ဆက်စပ်ပစ္စည်းများလှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၈

**ကျန်းမာရေးဝန်ကြီးဌာနသို့ သဲစတြေးလျ မြန်မာအသင်းမှ ကမကထပြုလုပ်၍ ဂျာမနီနိုင်ငံ Erlangen မြို့ Klinikum University မှ EEGစက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

လှူဒါန်းပွဲအခမ်းအနားတွင် အလှူရှင်များကိုယ်စား ဘာလင်မြို့ ပြည်ထောင်စုမြန်မာနိုင်ငံသံရုံးမှ သံအမတ်ကြီး ဦးညွန့်မောင်ရှိန်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြီး အလှူပစ္စည်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာကျော်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ကျန်းမာရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာတင်ဝင်းမောင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါ EEG စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီး Epilepsy Unit ၌အသုံးပြုသွားမည် ဖြစ်သည်။

(သတင်းစဉ်)



# ရွှေနေချုပ် ထူးချွန်ဆုများ ချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရွှေနေချုပ်က ၂၀၀၃ခုနှစ် စီမံထူးချွန်ဆု၊ ရွှေနေချုပ်ဆု၊ ပညာရည်ထူးချွန်ဆု၊ အခြားထူးချွန်ဆုများ ချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ၁၃ရက် နံနက် ၁၀နာရီတွင်ရွှေနေချုပ်ရုံး အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

**တက်ရောက်**

ဆုချီးမြှင့်သည့် အခမ်းအနားသို့ ရွှေနေချုပ်ဦးအေးမောင်၊ ဒုတိယရွှေနေချုပ်များဖြစ်ကြသောဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်နှင့် ဦးမြင့်နိုင်၊ ရွှေနေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ရွှေနေချုပ်ရုံးခွဲ (မန္တလေး) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရွှေနေချုပ်ရုံး-ရုံးအဖွဲ့မှူးနှင့် ဆုရရှိကြသည့် ဝန်ထမ်းများ၊ ဝန်ထမ်းများ၏ သားသမီးများ တက်ရောက်ကြသည်။

**ဆုများပေးအပ်**

အခမ်းအနားတွင် ရွှေနေချုပ်ဦးအေးမောင်က ၂၀၀၃ခုနှစ် (စီမံထူးချွန်ဆု) ဒုတိယဆင့်၊ ရွှေနေချုပ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အကြံပေးအရာရှိများနှင့် ကျွမ်းကျင်သူများ၊ ရွှေနေချုပ်ဆုပထမဆင့် ရရှိသူများအားလည်းကောင်း၊ ဒုတိယရွှေနေချုပ်များ ဖြစ်ကြသော ဒေါက်တာထွန်းရှင်၊ ဦးဟန်ရှိန်၊ ဦးမြင့်နိုင်တို့က ရွှေနေချုပ်ဆု ဒုတိယဆင့်၊ တတိယဆင့် ရရှိသူများအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်းက ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သော ဝန်ထမ်းများ၏သားသမီးများအားလည်းကောင်း၊ ရွှေနေချုပ်ရုံးခွဲ (မန္တလေး)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်က ၂၀၀၄ခုနှစ်အတွင်း မည်သည့်ခွင့်မျှ ခံစားခြင်းမရှိဘဲ ပျက်ကွက်ရက်မရှိ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)



**ရွှေနေချုပ် ဦးအေးမောင် ၂၀၀၃ခုနှစ် စီမံထူးချွန်ဆု၊ ရွှေနေချုပ်ဆုနှင့် ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားတွင် ရွှေနေချုပ်ဆုပထမဆင့် ရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**ဒီဇင်ဘာ ၂၃ ရက်က သာကေတမြို့နယ်အမက(၈) ပညာရည်ချွန်ဆုနှင့်ဘက်စုံထူးချွန်ဆုပေးပွဲတွင် ဆုရရှိသောဒုတိယတန်းကျောင်းသူ မခင်ပြည့်စုံအောင်အား ဆရာကြီး ဦးထွန်းကြည်က ဆုချီးမြှင့်စဉ်။** (က-ပ)



## ဆက်ကပ်လှူဒါန်း

**တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ဝိုင်း မဟာသတိပဋ္ဌာန်ကျောင်း ပြုပြင်မွမ်းမံရန်အတွက် ဇနီး ဒေါ်စန်းနှင့် သား မောင်မောင်မြင့်တို့အားရည်စူး၍ (၁၁) ကေတုမာလာရိပ်သာ တောင်ဥက္ကလာပနေ ဦးလှမြင့်(မန်နေဂျာ-ငြိမ်း) (လူမှုဖူလုံရေးအဖွဲ့)နှင့် သားသမီးမြေးတို့က အလှူငွေကျပ်နှစ်သိန်း တစ်သောင်းနှစ်ထောင်ကို ကျောင်းနာယကဆရာတော် ဦးဝိမလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံစာရင်းကောင်စီလက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်း(ပထမပိုင်း) အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲနှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ၊ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ကထိကများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကား ပြောကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ၊ စာရင်းကိုင် အလုပ်သင်နှင့်သင်တန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းတို့က အမှာစကား ပြောကြားကြသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (စတုတ္ထနေ့) အစီအစဉ်ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

**နံနက်ပိုင်းသဘာပတိ**

ညီလာခံတွင် နံနက်ပိုင်းသဘာပတိများအဖြစ် ဆေးတက္ကသိုလ်(၁) ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာစောနိုင်၊ တပ်မတော် ဆေးတက္ကသိုလ် သားဖွားနှင့် မီးယပ်ပညာဌာန ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီး သိန်းမြင့်သူနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး အသည်းရောဂါဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)ညွှန်ကြားရေးမှူး ဒေါက်တာရဲလှ၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် တပ်မတော် ဆေးတက္ကသိုလ် ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဗိုလ်မှူးကြီးရဲသွေးတို့က ဆောင်ရွက်ကြသည်။

**ဖတ်ကြား**

ညီလာခံစတုတ္ထနေ့တွင် စာတမ်းရှင်များက စာတမ်း ၁၄စောင်ကိုဖတ်ကြားကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

ယနေ့ညီလာခံတွင် နည်းပညာရက်သတ္တပတ်အဖြစ် Arsenic ဓာတ်ပါဝင်ပတ်သက်မှုနှင့် ပတ်ဝန်းကျင် ကျန်းမာရေးအကြောင်းကိုလည်း သုတေသီပညာရှင်များက ဟောပြောဆွေးနွေးကြသည်။ (သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုသင်တန်း အစီအစဉ်(၁) အပတ်စဉ်(၄)ကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အကြံပေးပုဂ္ဂိုလ် ဦးခင်မောင်ရီက အမှာစကားပြောကြားပြီး ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ဖွင့်လှစ်ပို့ချမည့် သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းသို့ သင်တန်းသား၆၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ရက်ဖြစ်သည်။

(သတင်းစဉ်)

# မြန်မာ ICT ရက်သတ္တပတ်

## ၂၀၀၅ ခုနှစ်

## (၂၁-၁-၂၀၀၅)ရက်မှ (၂၇-၁-၂၀၀၅)ရက်အထိ

## MICT Park ၊ ရန်ကုန်မြို့

# စက်ပစ္စည်းများ ပြည်ပတင်ပို့နိုင်သည်အထိ ကြိုးစားထုတ်လုပ် ဝန်ကြီး ဗိုလ်ချုပ်စောလွင် မန္တလေးစက်မှုဇုန်အမှတ်(၂)၌ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

**အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၅ ရက်တွင် မန္တလေးတိုင်း မန္တလေး စက်မှုဇုန် အမှတ်(၂)သို့ရောက်ရှိပြီး စက်ပစ္စည်းအလုပ်ရုံ (၁)နှင့် (၂)သံရည်ကျိုအလုပ်ရုံနှင့် သံပုံထောင်းအလုပ်ရုံများ တည်ဆောက်နေမှုနှင့် အဆိုပါ အလုပ်ရုံများအတွက် ပြည်ပမှ ရောက်ရှိလာသော စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် စီမံကိန်း ရှင်းလင်းဆောင်၌ မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ နိုင်ငံတော်အနေဖြင့် အဓိကကျသည့် စက်မှုဇုန် သုံးခုဖြစ်သည့်မန္တလေးစက်မှုဇုန်၊ တောင်ကြီးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့တွင် နိုင်ငံတော်က နိုင်ငံခြားငွေ စိုက်ထုတ်ပေးပြီး စက်ပစ္စည်းအလုပ်ရုံများ၊ သံရည်ကျိုအလုပ်ရုံများနှင့် သံပုံထောင်းအလုပ်ရုံများကို တည်ထောင်ပေးလျက်ရှိကြောင်း၊ အဆိုပါ စက်မှုဇုန်များမှ အဆင့်အတန်းမီ စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ပေးခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ စက်ရုံများအတွက် စက်ပစ္စည်းများလည်းရောက်ရှိနေပြီဖြစ်သည့်အတွက် စက်မှုဇုန်များအနေဖြင့် စက်ရုံအဆောက်အအုံများကို သတ်မှတ်ကာလအတွင်းပြီးစီးအောင်တည်ဆောက်ပြီး စက်ပစ္စည်းများ တပ်ဆင်စမ်းသပ်လည်ပတ်မှုကို လျာထားချက်အတိုင်း ဦးစားပေးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း ဤစက်ရုံများတွင် လုပ်ကိုင်ကြမည့် လုပ်သားများကို အမှတ်(၁)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)တွင်နည်းပညာများ သင်ကြားပေးပြီးဖြစ်ရာ စက်များနေရာချထားခြင်း၊ စက်များ စမ်းသပ်လည်ပတ်ခြင်းတို့ကို ကူညီပံ့ပိုးပေးသွားမည် ဖြစ်ကြောင်းဖြင့် ပဏာမ ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းတွင် စက်မှုပိုင်းဆိုင်ရာများ ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မန္တလေးစက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်းစက်ရုံများ တည်ဆောက်မှု ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျင်လင်းက မန္တလေးစက်မှုဇုန်တွင် သံရည်ကျိုအလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ၊ ပုံဖိပုံထောင်းအလုပ်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ပြည်ပမှစက်ပစ္စည်းများ ရောက်ရှိမှုအခြေအနေနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးမှာကြား**

ယင်းနောက် ဝန်ကြီးက လုပ်ငန်းတွင် လိုအပ်မည့် ကုန်ကြမ်းများကို ကြိုတင်စုဆောင်းထားရှိရေး၊ အရည်အသွေးမီ စက်ပစ္စည်းအစိတ်အပိုင်းများကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ ရည်မှန်းကြိုးစားထုတ်လုပ်ရေး၊ လုပ်ငန်းများအောင်မြင်ရေးအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာနက ပံ့ပိုးကူညီမည်ဖြစ်သဖြင့် ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

# ပြည်သာဦးစေတီတော် ရွှေထီးတော်တင်လှူ

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၃)ရပ်ကွက် ယုဇနလမ်း မင်းကျောင်း ကျောင်းတိုက်အတွင်း သာသနာ့ကုန်းမြေ၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာယက ဆရာတော်နှင့် ရွှေထီးတော်ကို အသစ်တစ်ဖန်ပြုပြင်၍ ရွှေထီးဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ရပ်ကွက်ဥက္ကဋ္ဌ ဦးလှမြင့်-ဒေါ်ခင်ဝင်း မိသားစုတို့က ပြည်သာဦးစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာကို ၁၃၆၆ ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီ ၁၀မိနစ် က တင်လှူပူဇော်သည်။ (က-ပ)

# စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ (ဇန်နဝါရီ ၂၁ ရက်မှ ၂၇ ရက်အထိ)

**ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့**

| | | |
|---|---|---|
| ၀၉း၀၀-၁၇း၀၀ | - | အကြို ICT ပြပွဲ၊ ပြခန်းများ |
| ၁၃း၀၀-၁၆း၃၀ | - | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ ICT Competitions |

**ဇန်နဝါရီ ၂၂ ရက်၊ စနေနေ့**

| | | |
|---|---|---|
| ၀၉း၀၀-၁၇း၀၀ | - | အကြို ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀-၁၂း၀၀ | - | ICT Product Presentation |
| ၀၉း၀၀-၁၇း၀၀ | - | ICT Competitions |
| ၁၃း၀၀-၁၆း၃၀ | - | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၃ ရက်၊ တနင်္ဂနွေနေ့**

| | | |
|---|---|---|
| ၀၈း၃၀ | - | ဖွင့်ပွဲအခမ်းအနား |
| ၁၀း၀၀-၁၇း၀၀ | - | ICT ပြပွဲ၊ ပြခန်းများ |
| ၁၀း၀၀-၁၂း၀၀ | - | ICT Product Presentation |
| ၁၀း၀၀-၁၇း၀၀ | - | ICT Competitions |
| ၁၃း၀၀-၁၆း၃၀ | - | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့**

| | | |
|---|---|---|
| ၀၉း၀၀-၁၇း၀၀ | - | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀-၁၂း၀၀ | - | ICT Product Presentation |
| ၀၉း၀၀-၁၇း၀၀ | - | ICT Competitions |
| ၁၃း၀၀-၁၆း၃၀ | - | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၅ ရက်၊ အင်္ဂါနေ့**

| | | |
|---|---|---|
| ၀၉း၀၀-၁၇း၀၀ | - | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀-၁၂း၀၀ | - | ICT Product Presentation |
| ၀၉း၀၀-၁၇း၀၀ | - | Network Game ပြိုင်ပွဲ |
| ၁၃း၀၀-၁၆း၃၀ | - | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့**

| | | |
|---|---|---|
| ၀၉း၀၀-၁၇း၀၀ | - | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀-၁၂း၀၀ | - | ICT Product Presentation |
| ၀၉း၀၀-၁၇း၀၀ | - | Network Game ပြိုင်ပွဲ |
| ၁၃း၀၀-၁၆း၃၀ | - | ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ |

**ဇန်နဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့**

| | | |
|---|---|---|
| ၀၉း၀၀-၁၇း၀၀ | - | ICT ပြပွဲ၊ ပြခန်းများ |
| ၀၉း၀၀-၁၇း၀၀ | - | Network Game နောက်ဆုံးပြိုင်ပွဲ |
| ၁၃း၀၀-၁၆း၀၀ | - | ICT Competitions ပြိုင်ပွဲများ ဆုချီးမြှင့်ခြင်း |
| | - | ကူညီပံ့ပိုးသူများအား ဂုဏ်ပြုလွှာပေးအပ်ခြင်း |
| | - | အိုင်စီတီရက်သတ္တပတ်ပိတ်ပွဲအခမ်းအနား |

**(တနင်္ဂနွေနေ့တွင် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ၊ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ပြသပါမည်)**

**MICT Park, တက္ကသိုလ်များ လှိုင်နယ်မြေ၊ ရန်ကုန်။**

# ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

**၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၃၄၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။**

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

# ရတနာပုံဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းဗိုလ်စွဲ

**ရန်ကုန် ဇန်နဝါရီ ၁၈**

၂၀၀၅ခုနှစ် မန္တလေး ရတနာပုံဖလားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇန်နဝါရီ ၇ ရက် ညနေ ၃ နာရီတွင် ဗထူးအားကစားပြိုင်ကွင်း၌ မန္တလေးတိုင်း အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်း အသင်းက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ ဒုတိယဆုရ ကချင်ပြည်နယ် အသင်းအား တိုင်းဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းအခွန်ဦးစီးမှူး ဦးအောင်မိုးကြည်က ဆုငွေ ကျပ်နှစ်သိန်းနှင့် ပထမဆုရ မန္တလေးတိုင်း အသင်းအား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းက ဆုငွေကျပ် သုံးသိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

**တံခွန်စိုက်ဆု**

ထို့နောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းက ပထမဗိုလ်စွဲသွားသော မန္တလေးတိုင်း အသင်းအား ပထမ တံခွန်စိုက် ရတနာပုံဆုဖလားကြီးကို ချီးမြှင့်သည်။ (သတင်းစဉ်)

**ဇန်နဝါရီ ၁၅ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ချောင်းဝကျေးရွာ ပညာ့အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းညွန့်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်သောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်ပြန်/ဆက်)





**လှိုင်မြို့နယ် အ-မ-က(၁၉) ၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံ ထူးချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက ပန်းချီပထမဆုရ မရူပါကံထွန်းအား ဆုချီးမြှင့်စဉ်။** (က-ပ)

# တရားတော်များ ဟောကြားမည်

**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာပတ်လမ်းတွင် တည်ရှိသည့် ပြည်လုံးချမ်းသာ စေတီတော် ဝင်းအတွင်းရှိ မတောင်းဆုရ လောကသာသနိက အဆောက်အအုံ ဓမ္မာရုံတွင် ဝါတွင်း ဥပုသ်နေ့များနှင့် တနင်္ဂနွေနေ့များတွင် ငဖဲဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

## လယ်သာကျေးရွာ မူလတန်းကျောင်းဆောင်သစ် ပေးအပ်ပွဲကျင်းပ

**ရမည်းသင်း ဇန်နဝါရီ ၁၈**

ရမည်းသင်းမြို့နယ် ရွာတန်းလယ်သာအုပ်စု လယ်သာကျေးရွာမူလတန်းကျောင်းကို ကျောင်းဆောက်လုပ်ရေးအဖွဲ့က အသစ်တစ်ဖန်ပြန်လည်ဆောက်လုပ်ခဲ့ရာ ပြီးစီးသဖြင့် ကျောင်းဆောင်သစ် ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက်က ကျောင်းဆောင်ရှေ့၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အဆိုပါ ကျောင်းဆောင်သစ်ကို လက်ထောက်မြို့နယ်ပညာရေးမှူးဦးဇော်ဝင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်တင့်နှင့် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ငါးသိန်းနှင့် ကျေးလက်ပြည်သူတို့က လှူဒါန်းငွေ ကျပ်ရှစ်သိန်း စုစုပေါင်း ၁၃ သိန်း ကုန်ကျခဲ့ပြီး သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်းကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

(၁၁၅)



# ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်



သာယာဝတီခရိုင် မင်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ကျောင်းရွာကျေးရွာ ပန်းရိုးမကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတင်အောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ကြစဉ်။ (မြို့နယ်ပြန်/ဆက်)

## ပျိုးဥယျာဉ်နှင့် ပန်းအလှပင်ပျိုးထောင်

**မိုးကောင်း ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်အတွက် အဖွဲ့ပိုင် ပျိုးဥယျာဉ်များ တည်ဆောက်၍ အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်ပြီး လမ်းမကြီးများဘေးဝဲ၊ ယာနှင့် လမ်းဆုံလမ်းခွများ၌ စိုက်ပျိုးလျက်ရှိရာ နိုဝင်ဘာ ၃ ရက်က အဆိုပါ ပျိုးဥယျာဉ်များ၌ အပင်များပျိုးထောင်ခြင်း၊ ပေါင်းမြက် ရှင်းလင်းခြင်း၊ ရေလောင်းခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၉၉)

## အာဟာရလှူဒါန်း

**ကျိုက်လတ်မြို့နယ် စတုဘုမ္မိကကျောင်းတိုက်ဟောင်း ဆရာတော် ဦးအာစရသီရိ၏ နှစ် (၄၀)ပြည့် မွေးနေ့အဖြစ် ဇန်နဝါရီ ၁၁ ရက်က အလကကျောင်း၌ ကျောင်းသူ၊ ကျောင်းသားများအား အာဟာရ ကျွေးမွေး လှူဒါန်းစဉ်။** (က-ပ)

# မြို့နယ်သတင်းများ

## ကလောဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

**ကလော ဇန်နဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အောက်ရှိ ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ် မြို့ပြလုပ်ငန်းဖြစ်သော အရှည် ၈၇၅ ပေ၊ အကျယ် ၁၂ ပေရှိ ကလောဘူတာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ငွေကျပ် ၉၃၂၄၅၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**တက်ရောက်**

လမ်းဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

**(နယ်စပ်စည်ပင်)**

## မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စာကြည့်တိုက်များသို့ ဂျာနယ်မျိုးစုံ လှူဒါန်း

**ကောလင်း ဇန်နဝါရီ ၁၃**

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ ကျေးလက်ဒေသစာကြည့်တိုက်များအတွက် ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က အဖွဲ့ရုံးခန်းတွင် ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)နှင့် အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မြင့်နှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်းပွဲတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး နိုင်ငံတကာနှင့် အားကစားဂျာနယ်၁၈၀၊ ရွှေမောင်းသံဂျာနယ် ၄၅ စောင်၊ ဂြိုဟ်တုဂျာနယ် ၁၀ စောင်၊ ဂျူနီယာလီဒါ ကျောင်းသင်ခန်းစာ ၁၅ စောင်၊ စုစုပေါင်း ဂျာနယ် ၂၅၀ ကို မြို့နယ် ဦးစီးအရာရှိ ဦးစိန်မြင့်သို့ လွှဲပြောင်း ပေးအပ်လိုက်သည်။

(၂၁၄)



**ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့်အဖွဲ့ ဇန်နဝါရီ ၁၄ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကန် သာယာ ပန်းဥယျာဉ်ကို စစ်ဆေးရာ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်သောင်းတို့က မြို့သာယာလှပရေးအတွက် ပန်းအလှပင်၊ ပျိုးပင်များ စိုက်ပျိုးထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



**ပဲခူးမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် ပညာရေးစုံညီ ပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ပထဝီ ထူးချွန်ဆုရရှိသူအထက (၃) ပဉ္စမတန်း (က)မှ မအေးမိုမို ဦးအား ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်နွယ်ဦး ဆုချီးမြှင့်စဉ်။** (ခရိုင်ပြန်/ဆက်)

## စမ်းကလေးကျေးရွာ စက်ရေတွင်းဖွင့်လှစ်

**အောင်လံ ဇန်နဝါရီ ၁၀**

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စမ်းကလေးကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။

ဖွင့်ပွဲသို့ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ကြသည်။

**ရေဂါလန် ၁၀၀၀**

အခမ်းအနားတွင် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းဆွေ၊ အောင်လံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ စက်ရေတွင်းသည် တစ်နာရီလျှင် ရေဂါလန် ၁၀၀၀ နှုန်း ထွက်ရှိသည်။

**(နယ်စပ်စည်ပင်)**



**ညောင်လေးပင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ပြည်တွင်းဖြစ် အဝတ်အထည်များဖြင့် မြန်မာ့ရိုးရာဝတ်စား ဆင်ယင်မှုပြပွဲ ပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက်က ညောင်လေးပင်မြို့ ဗိုင်အမ်ဘီအေ အသင်းရုပ်ရှင်ရုံ၌ ကျင်းပရာ ဆုရရှိသူတစ်ဦးအား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ခင်လှ ဆုချီးမြှင့်စဉ်။** (၁၂၆)

## စက်ခလုတ်နှိပ်ဖွင့်လှစ်

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဝါးတစ်ရာစက်မှုဇုန်၌ ကျင်းပသည့် အမှတ်(၄)သစ်စက်(ဝါးတစ်ရာ)နှင့် TPS Group တို့၏ ပူးပေါင်းကုန်ထုတ်လုပ်မှု ဖွင့်ပွဲအခမ်းအနားတွင် စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သစ်တောရေးရာ)

# ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၈

**မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် ည ၈နာရီက အဆိုပါကျေးရွာ လျှပ်စစ်ဓာတ်အားပေးစက်ရုံရှေ့တွင်ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရမည်းသင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**






ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အမှာစကား ပြောကြားပြီး ကျောက်ဆည်မြို့ အစိုးရနည်းပညာကောလိပ်မှ ဇီဝဓာတ်ငွေ့ထုတ်လုပ်ရေး အင်ဂျင်နီယာ လက်ထောက်ကထိက ဦးကြည်မိုးအောင်က ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဖွင့်လှစ်

ဆက်လက်၍ ကန်ဘဲ့ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေက ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်တင်တို့က လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက ကန်ဘဲ့ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား စက်ခလုတ်နှိပ်၍ **စာမျက်နှာ ၁၀ ကော်လံ ၂ သို့** ✪

# သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေပြည်သာ အမှတ်(၄)သစ်စက်ဖွင့်ပွဲ တက်ရောက် မိုးယွန်းကြီးအင်း ဘေးမဲ့တော ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၈

**ရွှေပြည်သာမြို့နယ် ဝါးတစ်ရာသစ်အခြေခံစက်မှုနယ်မြေ၌ မြန်မာ့သစ်လုပ်ငန်းနှင့် TPS Group တို့ ပူးပေါင်းဆောင်ရွက်သည့် အမှတ်(၄)သစ်စက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ယင်းသစ်စက်မုခ်ဦး၌ ကျင်းပရာ မြန်မာ့သစ်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် TPS Group မှ Mr. Nattwin တို့က ဖဲကြိုးဖြတ်၍ သစ်စက်ကို ဖွင့်လှစ်ပေးကြသည်။**

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က စက်ခလုတ်နှိပ်၍ သစ်စက်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို သစ်စက်ခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ TPS Group မှ Mr. Nattwin က **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ▲

## ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

***နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြု ခေတ်မီနည်းစနစ်ဖြင့် ကျောက်မျက်ရတနာများ ရှာဖွေထုတ်လုပ်***

ခေါင်းကြီး(စာမျက်နှာ–၂)

***မြန်မာတိုင်းရင်းသားများ၏ သူ့ကျွန်မခံလိုစိတ်၊ ပြည်ထောင်စုကြီးကို ထိပါးလာသော အန္တရာယ်များကို ရှုပ်ရှုပ်ချုံချုံ တွန်းလှန်ဖယ်ရှားလိုသော တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်တို့သည် သမိုင်းမှတ်တိုင်များ အဖြစ် တည်ရှိခဲ့။***

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၏ ဆောင်းပါး (စာမျက်နှာ–၆)

***CNG စက်များသည် ဖန်လုံအိမ်ဓာတ်ငွေ့ အနည်းငယ်မျှသာ ထုတ်လုပ်သဖြင့် ကမ္ဘာ့ပူနွေးမှုကိုတားဆီးသည့် အားထုတ်မှုဟုဆိုရမည် ဖြစ်သည်။***

သိပ္ပံမှူးတင်၏ ဆောင်းပါး(စာမျက်နှာ–၇)

## ထူးခြားသည့် ညအပူချိန်များ

၁၈–၁–၂၀၀၅

**ဟားခါး**
၁ ဒီဂရီစင်တီဂရိတ်

**နမ့်ဆန်**
၃ ဒီဂရီစင်တီဂရိတ်

**ပင်လောင်း**
၃ ဒီဂရီစင်တီဂရိတ်

**ဟဲဟိုး**
၄ ဒီဂရီစင်တီဂရိတ်

## ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်



**စစ်ကိုင်းတိုင်း ဝက်လက် မြို့နယ် ဝက်လက်–ခေါ်တော–ရွာသာကြီးလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ တိုင်းဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၀ရက်က ကြည့်ရှုစစ်ဆေးစဉ်။**

(အဆိုပါလမ်းမှာ အရှည် ၆မိုင် ၂ ဖာလုံနှင့် အကျယ် ၁၂ ပေရှိပြီး လမ်းအရှည် သုံးမိုင်ခန့် ကျောက်ချောခင်းပြီးဖြစ်သည်။)

(နယ်စပ်စည်ပင်)

## အချိန်အခါမဟုတ် မိုးရွာမည်သတိပေး

**ရန်ကုန် ဇန်နဝါရီ ၁၈**

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၉း၃၀ နာရီအချိန် တိုင်းထွာချက်များအရ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။